# SAIL- ဖွံ့ဖြိုးတိုးတက်မှု အဆင့်များ - SAIL- PHASES OF DEVELOPMENT

*ခေါင်းဆောင်မှုသင်တန်း*

**ဗဟုသုတ သဘောထား လုပ်ဆောင်ခြင်း** ဤသင်ခန်းစာကို သင်ယူပြီးနောက်၊

၁။ SAIL သင်တန်းဆရာများနှင့် အခြားခေါင်းဆောင်များသည် SAIL ငွေစုအသင်းအဖွဲ့ အစီအစဉ်ကို အကောင်အထည်ဖော်ရန်အတွက် ငွေစုအဖွဲ့၏ ဖွံ့ဖြိုးတိုးတက်မှု အဆင့်များကို နားလည်နိုင်မည်ဖြစ်ပါသည်။

၂။ SAIL သင်တန်းဆရာများနှင့် အခြားခေါင်းဆောင်များသည် ငွေစုအဖွဲ့၏ အကောင်အထည်ဖော်မှု ကို မည်ကဲ့သို့ တိုင်းတာ အကဲဖြတ်ရမည်ကို နားလည်ကြမည်ဖြစ်သည်။

**ခြုံငုံအမြင်** ဤသင်ခန်းစာသည် Oxfam America နှင့် CARE International သင်ခန်းစာတို့ကို အခြေခံထားသည်။

**သင်ထောက်ကူ**

- ပိုစတာအရွယ်အစား စာရွက်၊ မာကာနှင့် မျက်နှာဖုံးတိပ်များ
- အစပျိုးခြင်း
- လက်ကမ်းစာစောင်များ
  - *ငွေစုအဖွဲ့အဆင့်များ ဖွံ့ဖြိုးတိုးတက်ရေး*
  - *ငွေစုအဖွဲ့ကိုအကဲဖြတ်ခြင်း*
- အခြားပစ္စည်းများ

| သင်ခန်းစာ | ၁ နာရီ |
|---|---|

**အစပျိုးခြင်း (၅ မိနစ်)**

လမ်းညွှန်-

သရုပ်ဖော်ကစားခြင်း - CHE ခေါင်းဆောင် ၂ ဦး စကားပြောနေကြသည်။

လူ ၁- ငါက ဒီငွေစုအဖွဲ့သင်တန်းအတွက် စိတ်လှုပ်ရှားမိပါတယ်။ ငွေစုအဖွဲ့တွေက ငါတို့ အသိုင်းအဝန်းကို စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်အောင် အမှန်တကယ် ကူညီပေးနိုင်မယ်လို့ ငါထင်တယ်။

လူ ၂- ဟုတ်တယ်။ ငွေစုအဖွဲ့တွေက လူတွေ တကယ်လိုအပ်နေတဲ့ မျှော်လင့်ချက်တွေ ပေးနိုင်လိမ့်မယ်။

လူ ၁- ငါက ဒီသင်တန်းတစ်ခုလုံးကို ခြုံငုံနားလည်ချင်တယ်။

လူ ၂- ငါလည်း နားလည်ချင်ပါတယ်။

လူ ၁- ဒီသင်ခန်းစာက ငါတို့သိချင်နေတဲ့အရာပဲလို့ ပြောတာ ကြားမိတယ်။

လူ ၂- ကောင်းတာပဲ။ လေ့လာကြည့်ရအောင်။

---

က။ SHOWD ကိုမေးပါ။

 ၁။ သင်ဘာတွေ့မိသလဲ။

 ၂။ ဘာတွေဖြစ်ပျက်နေသလဲ။

---

**<u>ငွေစုအဖွဲ့ ဖွံ့ဖြိုးတိုးတက်မှုအဆင့်များ (၃၀ မိနစ်)</u>**

လမ်းညွှန်- အုပ်စုကြီးအဖြစ် ဆွေးနွေးပါ။ လက်ကမ်းစာစောင်- *ငွေစုအဖွဲ့ဖွံ့ဖြိုးတိုးတက်မှု*အဆင့် ပေးပါ။

က။ မေးခွန်း

 ၁။ တုံ့ပြန်မှု

 ၂။ တုံ့ပြန်မှု

ခ။ မေးခွန်း

 ၁။ တုံ့ပြန်မှု

 ၂။ တုံ့ပြန်မှု

---

**<u>ငွေစုအဖွဲ့ အကောင်အထည်ဖော်မှု အကဲဖြတ်ချက်</u>** (၂၀မိနစ် )

လမ်းညွှန်- အုပ်စုကြီး

က။ ငွေစုအဖွဲ့ အကောင်အထည်ဖော်မှု အောင်မြင်မှုကို အကဲဖြတ်ရန် သင်ဘာကို တိုင်းတာသင့်သလဲ။

၁။ အစည်းအဝေးများကို အဖွဲ့ဝင်များ တက်ရောက်သည့် ရာခိုင်နှုန်း

၂။ အဖွဲ့ဝင်များ၏ အစည်းအဝေး အချိန်မှန်ရောက်လာ သည့်ရာခိုင်နှုန်း

၃။ ကျသင့်သော စုဆောင်းငွေ ထည့်ဝင်သည့်ရာခိုင်နှုန်း

၄။ ရေးသားထားသော မှတ်တမ်းများသည် ခေတ်မီပြီး တိကျနေသည်

၅။ အဖွဲ့အတွင်းစည်းမျဉ်းများ အတိုင်းလိုက်နာခဲ့ကြသည်

၆။ စီမံခန့်ခွဲမှု ကော်မတီက သူ့အခန်းကဏ္ဍက ကောင်းမွန်စွာ လုပ်ဆောင်ခဲ့သည်

ခ။ ငွေစုအဖွဲ့အား အကဲဖြတ်ခြင်းကို မည်သည့်အချိန်တွင် ပြုလုပ်သင့်သလဲ။

၁။ အချိန်မရွေးပြုနိုင်သည်။ အထူးသဖြင့် အဆင့်တစ်ခုသို့ ခုန်ကူး လုပ်ဆောင်တော့မည့်အနေအထား (အနီးကပ်ကြီးကြပ်ကာလ၊ ဖွံ့ဖြိုးတိုးတက်မှု၊ ရင့်ကျက်မှု) တို့တွင် လုပ်သင့်သည်။

---

**<u>ငွေစုအဖွဲ့ အကဲဖြတ်ရေးကိရိယာ (၅ မိနစ်)</u>**

လမ်းညွှန်- ငွေစုအဖွဲ့ အကဲဖြတ်ခြင်း - လက်ကမ်းစာစောင်ကို ပေးပါ။ လက်ကမ်းစာစောင်ကို အသုံးပြု၍ အုပ်စုကြီးတွင် ဆွေးနွေးပါ။

---

**သင်ခန်းစာ TITLE**

---

မှတ်ချက်- ငွေစုအဖွဲ့သည် အထူးသဖြင့် အဆင့်တစ်ခုသို့ ခုန်ကူး လုပ်ဆောင်တော့မည့်အနေအထား (အနီးကပ်ကြီးကြပ်ကာလ၊ ဖွံ့ဖြိုးတိုးတက်မှု၊ ရင့်ကျက်မှု) တို့တွင် အားနည်းတတ်သည်ကို သတိချပ်သင့်သည်။ အကယ်၍ ငွေစုအဖွဲ့ရမှတ်သည် ၁၅ နှင့်အောက်ဆိုလျှင် ပြုပြင်ပါ။ ငွေစုအဖွဲ့ကျန်းမာသန်စွမ်းရန်အတွက် အားနည်းသော ခေါင်းစဉ်များကို ပြန်လည် လေ့ကျင့်သင်ကြားပေးပါ။

---

**နိဂုံး နှင့် ကိုယ့်အတွက်သင်ခန်းစာ** (အချိန်)

လမ်းညွှန်-

က။ ဒီသင်ခန်းစာမှာ ငါဘာတွေရှာတွေ့ခဲ့သလဲ။

ခ။ ဘယ်သူနဲ့ မျှဝေ လို့ရနိုင်မလဲ။

ဂ။ ဒီသင်ခန်းစာမှာ ငါသိမြင်လိုက်တာတွေနဲ့ ငါဘာတွေလုပ်ရမလဲ။

  ၁။ ဘယ်အချိန်

  ၂။ ဘာတွေဖြစ်လာဖို့မျှော်လင့်ပါသလဲ။

  ၃။ ဖြစ်လာရင် ဘယ်လိုသိသာမလဲ။

ဃ။ ဆုတောင်းပါ။

---

**ကိုးကား** :

# **ဖွံ့ဖြိုးတိုးတက်မှုအဆင့်များ – အစပျိုးခြင်း**

## သရုပ်ဖော်ကစားခြင်း

**အစပျိုးခြင်း (၅ မိနစ်)**

လမ်းညွှန်-

သရုပ်ဖော်ကစားခြင်း - CHE ခေါင်းဆောင် ၂ ဦး စကားပြောနေကြသည်။

လူ ၁- ငါက ဒီငွေစုအဖွဲ့သင်တန်းအတွက် စိတ်လှုပ်ရှားမိပါတယ်။ ငွေစုအဖွဲ့တွေက ငါတို့ အသိုင်းအဝန်းကို စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်အောင် အမှန်တကယ် ကူညီပေးနိုင်မယ်လို့ ငါထင်တယ်။

လူ ၂- ဟုတ်တယ်။ ငွေစုအဖွဲ့တွေက လူတွေ တကယ်လိုအပ်နေတဲ့ မျှော်လင့်ချက်တွေ ပေးနိုင်လိမ့်မယ်။

လူ ၁- ငါက ဒီသင်တန်းတစ်ခုလုံးကို ခြုံငုံနားလည်ချင်တယ်။

လူ ၂- ငါလည်း နားလည်ချင်ပါတယ်။

လူ ၁- ဒီသင်ခန်းစာက ငါတို့သိချင်နေတဲ့အရာပဲလို့ ပြောတာ ကြားမိတယ်။

လူ ၂- ကောင်းတာပဲ။ လေ့လာကြည့်ရအောင်။

**အစပျိုးခြင်း (၅ မိနစ်)**

လမ်းညွှန်-

သရုပ်ဖော်ကစားခြင်း - CHE ခေါင်းဆောင် ၂ ဦး စကားပြောနေကြသည်။

လူ ၁- ငါက ဒီငွေစုအဖွဲ့သင်တန်းအတွက် စိတ်လှုပ်ရှားမိပါတယ်။ ငွေစုအဖွဲ့တွေက ငါတို့ အသိုင်းအဝန်းကို စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်အောင် အမှန်တကယ် ကူညီပေးနိုင်မယ်လို့ ငါထင်တယ်။

လူ ၂- ဟုတ်တယ်။ ငွေစုအဖွဲ့တွေက လူတွေ တကယ်လိုအပ်နေတဲ့ မျှော်လင့်ချက်တွေ ပေးနိုင်လိမ့်မယ်။

လူ ၁- ငါက ဒီသင်တန်းတစ်ခုလုံးကို ခြုံငုံနားလည်ချင်တယ်။

လူ ၂- ငါလည်း နားလည်ချင်ပါတယ်။

လူ ၁- ဒီသင်ခန်းစာက ငါတို့သိချင်နေတဲ့အရာပဲလို့ ပြောတာ ကြားမိတယ်။

လူ ၂- ကောင်းတာပဲ။ လေ့လာကြည့်ရအောင်။

# ဖွံ့ဖြိုးတိုးတက်မှုအဆင့်များ - လက်ကမ်းစာစောင်

ငွေစုအဖွဲ့ ဖွံ့ဖြိုးတိုး *တက်*မှုအဆင့်များ

၁။ အကဲဖြတ်ခြင်းနှင့် မြှင့်တင်ရေး အဆင့်-၁ လ
အထောက်အပံ့သင်ခန်းစာ- အယူအဆကို မြှင့်တင်ခြင်း။ SG010 SAIL Promoting the Concept

၂။ ဖွဲ့စည်းခြင်းနှင့် လေ့ကျင့်ရေး အဆင့်-၃ လ
အထောက်အပံ့သင်ခန်းစာ-

SG020 SAIL အစီအစဉ်အကြောင်းဖော်ပြချက်
SG030 SAIL အဖွဲ့ဝင်များ မှတ်ပုံတင်ခြင်း
SG040 SAIL ဖွဲ့စည်းခြင်းနှင့် အဖွဲ့အတွင်း စည်းမျဉ်းစည်းကမ်းချမှတ်ခြင်း
SG050 SAIL ခေါင်းဆောင်မှုနှင့် ရွေးကောက်ပွဲများ
SG060 SAIL စုဆောင်းငွေ ပမာဏပန်းတိုင် သတ်မှတ်ခြင်း
SG070 SAIL အဖွဲ့ဝင်စည်းမျဉ်းအရ အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း
SG080 SAIL မှတ်တမ်းထိန်းသိမ်းခြင်း ။
SG090 SAIL ချေးငွေ စိစစ်ရေးနှင့် မူဝါဒများ
SG100 SAIL စုဆောင်းငွေ ခွဲဝေခြင်း လုပ်ထုံးများကို ဆုံးဖြတ်ခြင်း
SG110 SAIL စုဆောင်းငွေခွဲဝေခြင်းနှင့် သင်တန်းဆင်းခြင်း။

၃။ ကြီးကြပ်မှုအဆင့် - အများဆုံး ၁၂ လ

**အနီးကပ်ကြီးကြပ်ရေးကာလ (၄ လ)၊**

အနီးကပ်ကြီးကြပ်ရေးကာလသည် ငွေစုအဖွဲ့ပထမဦးဆုံး အစည်းအဝေးမှ စတင်သည်။ ဤအရေးကြီးသော အစည်းအဝေးတွင် ငွေစုအဖွဲ့သည် ၎င်းတို့၏ မှတ်တမ်းထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များကို စတင်မည်ဖြစ်သည်။ SAIL သင်တန်းဆရာသည် ငွေစုအဖွဲ့အား စီမံခန့်ခွဲမှုကော်မတီထံ အကြံဉာဏ်များပေးကာ မှတ်တမ်းထိန်းသိမ်းခြင်းအား အနီးကပ်ကြီးကြပ်မှုဖြင့် လမ်းညွှန်ပေးရာတွင် တက်ကြွသောအခန်းကဏ္ဍမှ ပါဝင်သည်။ SAIL သင်တန်းဆရာသည် ပထမနှစ်လအတွင်း အစည်းအဝေးအများစုကို တက်ရောက်မည်ဖြစ်ပြီး၊ ဒုတိယနှစ်လအတွင်း ချေးငွေဆိုင်ရာ အစည်းအဝေးများအားလုံးနှင့် စုဆောင်းငွေဆိုင်ရာ အစည်းအဝေး အချို့ကိုသာ တက်ရောက်မည်ဖြစ်သည်။

**ဖွံ့ဖြိုးတိုးတက်ရေးကာလ (၄)လ**

ဖွံ့ဖြိုးတိုးတက်ရေးကာလသည် SAIL သင်တန်းဆရာ၏ အခန်းကဏ္ဍပြောင်းလဲ သည် အဓိကလကၡဏာရပ်ဖြစ်သည်။ SAIL သင်တန်းဆရာသည် ချေးငွေအစည်းအဝေးများအားလုံးကို တက်ရောက်သော်လည်း ဤဖွံ့ဖြိုးတိုးတက်ရေးကာလအတွင်း

မကြာခဏလာရောက်လည်ပတ်မှုနည်းပါးပြီး၊ လုပ်ငန်းစဉ်မှ လမ်းကြောင်းလွဲသွားပါက သို့မဟုတ် အဖွဲ့ဝင်များမှ အကြံဉာဏ်ရယူလိုသောအခါသာ ဝင်ရောက်စွက်ဖက်ပါသည်။ ငွေစုအဖွဲ့ ၏ ရည်ရွယ်ချက်မှာ အစည်းအဝေးများ လည်ပတ်ခြင်းအတွက် အပြည့်အဝတာဝန်ယူရန်ဖြစ်ပြီး SAIL အဖွဲ့ဝင်များသည် အစည်းအဝေးများကို တက်ကြွစွာ လမ်းညွှန်ခြင်းထက် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများနှင့် မေးခွန်းများကို တုံ့ပြန်ခြင်းဟူသော အတိုင်ပင်ခံအဖြစ်သို့ ရောက်လာသည်။

ငွေစုအဖွဲ့သည် အထူးသဖြင့် စာရေးမှတ်တမ်း ထိန်းသိမ်းခြင်းဆိုင်ရာ နှင့် ကော်မတီ၏ အခန်းကဏ္ဍများနှင့် တာဝန်များ အရ ဆောင်ရွက်သင့်သလောက် ကောင်းမွန်စွာ မလည်ပတ်နိုင်ဟု ထင်ပါက၊ SAIL သင်တန်းဆရာသည် သက်ဆိုင်ရာ သင်ခန်းစာတို့ကို ပြန်လည် လေ့ကျင့်ပေးနိုင်ပါသည်။

**ရင့်ကျက်သောကာလ (၃ လမှ ၄ လ)**

ရင့်ကျက်သောကာလ အတွင်း SAIL သင်တန်းဆရာသည် သုံးကြိမ်သာ လာရောက်လည်ပတ်ပါသည်။

ပထမအကြိမ် ပထမလအတွင်း SIL သင်တန်းဆရာ လာရောက်လည်ပတ်ခြင်းသည် ငွေစုအဖွဲ့သည် ကြီးကြပ်မှု သို့မဟုတ် ပံ့ပိုးကူညီမှုမရှိဘဲ ကာလကြာရှည်စွာ အောင်မြင်စွာလည်ပတ်နိုင်သည်ကို စစ်ဆေးရန် ဖြစ်သည်။

ဒုတိယမြောက် လည်ပတ်ခြင်းသည် ငွေစုအဖွဲ့၏ အမှီအခိုကင်းစွာ လုပ်ဆောင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုကို အကဲဖြတ်ရန် SAIL သင်တန်းဆရာသည် နှစ်လအကြာတွင် လည်ပတ်သည်။

တတိယ နှင့် နောက်ဆုံး အကြိမ်လည်ပတ်မှုသည် ငွေစုအဖွဲ့၏ ငွေစုသက်တမ်းစေ့ကာလ၏အဆုံးတွင် ငွေစုရန်ပုံငွေခွဲဝေမှု နှင့် တိုက်ဆိုင်နေတတ်သည်။ SAIL သင်တန်းဆရာသည် ငွေစုရန်ပုံငွေကို ခွဲဝေစဉ်တွင် ကြီးကြပ်ရေးအခန်းကဏ္ဍတွင် တက်ကြွစွာ ပါဝင်သည်။ ငွေစုအဖွဲ့၏ ကျောင်းဆင်းပွဲ သည် ကိုယ်ထူကိုယ်ထ လွတ်လပ်စွာ လုပ်ဆောင်နိုင်သည့် အဆင့်သို့ အ ကူးအပြောင်းအဖြစ်လည်း အနက်သက်ရောက်လေ့ရှိသည်။

# SAIL- ဖွံ့ဖြိုးတိုးတက်မှုအဆင့်များ - လက်ကမ်းစာစောင်

*ငွေစုအဖွဲ့ အကဲဖြတ်ပုံစံ*

SAIL သင်တန်းဆရာအမည်- ______________________

ငွေစုအဖွဲ့အမည်- ______________________

ငွေစုအဖွဲ့၏တည်နေရာ- ______________________

သွားရောက်လည်ပတ်သည့်ရက်စွဲ- ______________________

| အကြောင်းအရာ | ရမှတ်များ |
|---|---|
| ၁။ အနည်းဆုံး အဖွဲ့ဝင် ၈၀% သည် အစည်းအဝေးကို တက်ရောက်ခဲ့ပါသလား။ | |
| ၂။ အနည်းဆုံးအဖွဲ့ဝင်  လေးပုံသုံးပုံက အစည်းအဝေးသို့အချိန်မီရောက်လာသလား။ | |
| ၃။  စီမံခန့်ခွဲမှုကော်မတီသည် ၎င်း၏အခန်းကဏ္ဍကို ကောင်းမွန်စွာလုပ်ဆောင်ခဲ့ပါသလား။ | |
| ၄။  စည်းမျဉ်းကို လိုက်နာပါသလား။ | |
| ၅။  ငွေစုအဖွဲ့၏ အဖွဲ့ဝင်များသည် ဆွေးနွေးမှုများတွင် ပါဝင်ခဲ့ပါသလား။ | |
| ၆။  ငွေစုခြင်းလုပ်ထုံးများကို လိုက်နာပါသလား။ | |
| ၇။  ငွေစုခြင်းစတင်ချိန်မှစ၍ ရသင့်သော စုဆောင်းငွေ၏ ၉၀% ကို ခွဲဝေပေးခဲ့ပါသလား။ | |
| ၈။ ငွေစုအဖွဲ့မှတ်တမ်းများသည် ခေတ်မီပြီး တိကျမှုရှိပါသလား။ | |
| ၉။ အစည်းအဝေးအပြီးတွင် ငွေစာရင်းကိုင်သူသည် ငွေစုအဖွဲ့၏ ဘဏ္ဍာရေးဆိုင်ရာ  စာရင်းအချုပ်ကို အကျဉ်းချုပ်ဖော်ပြခဲ့ပါသလား။ | |
| **စုစုပေါင်းရမှတ်များ-** | |

| **အမှတ်များသော့** | **အခြေအနေ-** | |
|---|---|---|
| 1 = မကောင်း/မရှိ | ကျန်းမာပါစေ | ၁၉-၂၇ |
| 2 = ပျမ်းမျှ | ကျန်းမာရေးမရေရာ | ၁၀-၁၈ |
| 3 = ကောင်း/ဟုတ် | နေမကောင်း | 0 - 10 |

ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ခေါင်းဆောင်၏ လက်မှတ်______________________________

SAIL သင်တန်းဆရာ၏ လက်မှတ်______________________________

လေ့လာတွေ့ရှိချက်များ-